ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ်
သတ်မှတ်ရေးနှင့် ပါတ်သက်၍

# ဖ-ဆ-ပ-လ အဖွဲ့ချုပ်

၏

# သဘောထား

ကို

(၁၄-၁၂-၅၉) နေ့အထူးထုတ် မဏ္ဍိုင်သတင်းစာကို

## သံဃာ့တပ်ဦးအဖွဲ့မှ

တဆင့်ကူးယူရိုက်နှိပ်ဝေငှသည်။

(၁၈-၁၂-၅၉)

## ဗုဒ္ဓဘာသာကို နိုင်ငံတော် ဘာသာအဖြစ်
## သတ်မှတ်ရေးနှင့်ပတ်သက်၍

# ဖ–ဆ–ပ–လ အဖွဲ့ချုပ်၏ သဘောထား

—=o=—

၁။ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးတို့တွင် ဘာသာရေးကို ဆွဲမသွင်းဘဲ၊ တိုင်းသူပြည်သားများအား မိမိတို့ကြိုက်နှစ်သက်ရာဘာသာကို လွတ်လပ်စွာကိုးကွယ်စေခြင်း၊ ဘာသာကွဲခြားရေးကြောင့် အခွင့်အရေးများတွင် နစ်နာမှုမရှိစေခြင်း၊ ကိုးကွယ်သည့် ဘာသာမတူကြသည့် နိုင်ငံသားအချင်းချင်း ညီညီညွတ်ညွတ် လေးလေးစားစား ရှိကြခြင်း စသောဒီမိုကရေစီမူများက၊ ကမ္ဘာပေါ်ရှိ ဒီမိုကရေစီ နိုင်ငံကြီးတို့သည်လိုက်နာစမြဲ၊ ဆောင်ရွက်စမြဲဖြစ်ပါသည်။

၂။ အထူးသဖြင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးတွင်၊ ဗုဒ္ဓဘာသာဝင်လူများစု မြန်မာများသာ နေထိုင်ကြသည်မဟုတ်ဘဲ၊ ရှမ်း၊ ချင်း၊ ကချင်၊ ကရင်၊ ကယား၊ စသောတိုင်းရင်းသားလူနည်းစုများနှင့် မူစလင်၊ ခရိယာန်၊ ဟိန္ဒူ၊ နတ်စသောဘာသာကွဲလူနည်းစုများလည်း နေထိုင်ကြသည့်အတွက် ထိုဒီမိုကရေစီမူများ၊ လုပ်ထုံးလုပ်ရပ်များအတိုင်း (က)မိမိတို့ယုံကြည်သည့်ဘာသာကို လွတ်လပ်စွာ ကိုးကွယ်နိုင်စေရမည်(ခ)ကိုးကွယ်သည့်ဘာသာကို အကြောင်းပြု၍မည်သူ့ကိုမျှ အခွင့်အရေးနစ်နာခြင်း၊ ချိုငဲ့ခြင်းမရှိစေရဟူသောအချက်များကို၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဦးနု၊ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ စသော ဖ-ဆ-လ-ပ ခေါင်းဆောင်များ ကြီးမှူးသည့်တိုင်းပြု ပြည်ပြု လွှတ်တော်ကြီးက၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်သတ်မှတ်ခဲ့သည်။

ထိုမျှမကဘဲ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပုဒ်မ (၂၁) (၄)တွင်(နိုင်ငံရေးကိစ္စအလို့ငှာ)၊ ကိုးကွယ်ရာဘာသာကို အ

လွဲသုံးစားမပြုရ၊ ထို့အပြင် လူမျိုးရေးကြောင့်သော်၎င်း၊ ကိုးကွယ်ရာ ဘာသာရေးကြောင့်သော်၎င်း၊ တဘက် နှင့် တဘက်၊ တဂိုဏ်းနှင့်တဂိုဏ်း မုန်းတီးခြင်း၊ ရန်မူခြင်း၊ စိတ်ဝမ်းကွဲခြင်းတို့ ပေါ်ပေါက်လာစေရန် ရည်ရွယ်သော၊ သို့တည်းမဟုတ်ပေါ်ပေါက်လာရန်အကြောင်းရှိသောအပြုအမူသည်၊ ဤအခြေခံဥပဒေနှင့် ဆန့်ကျင်သည်။ ထိုအပြုအမူမျိုးအတွက်အပြစ်ဒဏ်ပေးနိုင်အောင် တရားဥပဒေပြုနိုင်သည်) ဟု အတိအလင်းသတ်မှတ်ခဲ့ပါသည်။

၃။ ဤ သတ်မှတ်ချက်များအတိုင်း၊ ဗုဒ္ဓဘာသာဝင် လူများစုတို့ပါဝင်သည့်ဖ-ဆ-ပ-လအဖွဲ့ချုပ်သည်၊လွန်ခဲ့သော (၁၁)နှစ်အတွင်း၊ဗုဒ္ဓဘာ သာသာသနာတော် တိုးတက်ကြီးပွားရေးလုပ်ငန်းများကို များစွာဆောင်ရွက်ခဲ့သော်လည်း၊ မဲရရေးအတွက် ရွေးကောက်ပွဲတွင်၊ ဘာသာရေးကိုဘမ်းမပြုခဲ့ကြချေ။ နိုင်ငံရေးကိစ္စအလို့ငှါ ကိုးကွယ်ရာဘာသာကို အလွဲသုံးစားမပြုခဲ့ကြချေ။

ဤမှု၊ ဤသတ်မှတ်ချက်၊ ဤထုံးတမ်း အစဉ်အလာအတိုင်း၊ဗုဒ္ဓဘာသာဝင်လူများစုပါဝင်သည့် ကျွန်ုပ်တို့ ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီးသည်၊ဗုဒ္ဓဘာသာ သာသနာတော်ကြီး တိုးတက်ကြီးပွားရေး လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်ရန်အစီအစဉ်ချမှတ်ပြီးဖြစ်သော်လည်း၊ ရွေးကောက်ပွဲတွင် မဲရရေးအတွက်၊ တိုင်းပြည်သို့ တင်ပြခြင်းမရှိခဲ့ပေ။

ဗိုလ်ချုပ်ကြီးနေဝင်းအစိုးရက၊ အထွေထွေရွေးကောက်ပွဲကို ၁၉၆၀-ခုနှစ်၊ ဇန်နဝါရီလကုန်သော်၎င်း ဖေဖေါ်ဝါရီလ ပထမအပါတ်တွင်သော်၎င်း၊ ကျင်းပမည်ဟု ပါလီမန်တွင် ကြေညာပြီးသည့် နောက်မှ၊ ဦး နု ခေါင်း ဆောင်သောအဖွဲ့က၊ မိမိတို့၏ညီလာခံတွင်၊ အစိုးရဖွဲ့ နိုင်သည့်



အခါ၊ ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ်ပြုလုပ်ပေးမည်ဟု၊ နိုင်ငံရေးလုပ်ငန်းစဉ်တရပ် အနေနှင့် ကြေညာခဲ့ပါသည်။ ဤကဲ့သို့ ကြေညာခြင်းအားဖြင့် မိမိတို့ကိုယ်တိုင် တိုင်းပြုပြည်ပြုလွှတ်တော်အမတ်များ အဖြစ်ဖြင့်ပါဝင်ရေးဆွဲခဲ့ရုံမျှမက၊ တချိန်ကဝန်ကြီးချုပ်ဖြစ်စဉ်၊ဦးနုကမိမိကိုယ်တိုင်အသက်နှင့်လဲ၍ကာကွယ်မည်ဟု၎င်း၊ ပြည်သူလူထုတရပ်လုံး၏ကိုးကွယ်ရာ၊ဆည်းကပ်ရာ၊ လည်းလျောင်းရာဖြစ်သည်ဟု၎င်း၊ ကြွေးကြော်ခဲ့သည့်ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကြီးကို ဖေါက်ဖျက်ခဲ့ပါသည်။

၄။ ဤကဲ့သို့အခြေခံဥပဒေကြီးကို ဖေါက်ဖျက်ခဲ့ခြင်းနှင့်ပတ်သက်၍၊ ရွေးကောက်ပွဲအပြီးတွင်၊ ဦးနုတို့အဖွဲ့အားတရားရုံးတော်ကနေ၍၊ မကျေနပ်သောနိုင်ငံရေးအသင်းအဖွဲ့များက တရားစွဲဆိုကန့်ကွက်နိုင်ကြပါသည်။ ဤသို့ဦးနု၏သာသနာရေး ဘမ်းပြု၍ မဲတောင်းမှု၊ မတရားဝါဒဖြန့်မှုများနှင့်ပတ်သက်၍၊ ကျွန်ုပ်တို့ ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီး၏ထင်မြင်ယူဆချက်သဘောထားကို တိုင်းပြည်သို့ မတင်ပြလျှင်၊ တိုင်းပြည်လူထုက အထင်မှားစရာ အကြောင်းရှိသည့်အတွက်၊ မလွှဲမရှောင်သာဘဲ တင်ပြဖြေရှင်းရခြင်း ဖြစ်ပါသည်။

## နိုင်ငံတော်ဘာသာနှင့် နိုင်ငံရေး ရောနှောမှုသမိုင်း

ရှေးအခါ၊ ရှင်ဘုရင်ခေတ်ထွန်းကားစဉ်၊ ဥရောပ နိုင်ငံများနှင့် တူရကီကဲ့သို့သော မူစလင်နိုင်ငံများတွင်၊ ရှင်ဘုရင်များသည်၊ ပြည်သူပြည်သားများ ကိုးကွယ်ရာ ဘာ သာရေးတွင် အကြီးအကဲအဖြစ်ဖြင့်"သံ ဃ ရာ ဇာ"ဟူ သော

ဘွဲ့ကိုရင်းဘာသာ သာသနာကို ကာကွယ်စောင့် ရှောက် သူ (DEFENDER OF THE FAITH)ဟူသောဘွဲ့ကိုရင်း၊ ခံယူလေ့ရှိကြ ပါသည်။ (သံဃာရာဇာ၊ သာသနာပိုင်)ဟူသောဘွဲ့ကို ခံယူသည့်အခါ၊ တိုင်းသူ ပြည်သားများကိုသာ မဟုတ် ဘဲ၊ သာသနာ ဝန်ထမ်းများကိုလည်း အုပ်ချုပ်ကြ ပါ သည်။ ဘာသာ သာသနာကိုကာကွယ်စောင့်ရှောက် သူ ဟူ သော ဘွဲ့ကိုယူသည့်အခါမှာလည်း၊ သာသနာ့ ဝန်ထမ်းများကို သွယ်ဝိုက်၍ လွှမ်းမိုးအုပ်ချုပ်ကြပါသည်။ အခြားတဘက်ကနေ၍ကြည့်လျှင်လည်း၊ နိုင်ငံတော်ဘာသာဝင် မဟုတ်သည့်၊ ဘာသာကွဲ၊ ဂိုဏ်းခွဲဝင်းများ ဖြစ်သည့် မင်း မျိုး မင်းနွယ်များသည်၊ ရှင်ဘုရင်မဖြစ်နိုင်သည့် အပြင်၊ သာမန် နိုင်ငံသားများလည်း၊ တိုက်ရိုက်သော်၎င်း၊ သွယ် ဝိုက် ၍ သော်၎င်း၊ ညှင်းပန်းနှိပ်စက်ခံခဲ့ကြရသည်။ အခွင့်အရေး တွင် မတရားခွဲချမ်းခြားနားခြင်းကို ခံခဲ့ကြရသည်။ ပြင်းထန်သည့်ဘာသာရေး စိတ်ဓါတ်တွေကို မွေးမြူ ခဲ့ ကြ သဖြင့်၊ ဘာသာရေးဂိုဏ်းဝင်တစုနှင့်တစုတို့ အချင်းချင်းသတ်ဖြတ်နှိပ်စက်ခြင်း၊ ပြည်တွင်းစစ်ဖြစ်ခြင်း၊ တိုင်းရင်းသားညီအစ်ကို တော်ချင်း၊ ထောင်သောင်းမက သေကြေပျက်စီးခြင်းစသည့် ဘေးဒုက္ခများ ကျရောက်ခဲ့ပါသည်။ အင်္ဂလန်ပြည်တွင်၎င်း၊ ဂျာမနီ၊ ပြင်သစ်၊ ဟော်လန်၊ စသောဥရောပတိုက်တိုင်းပြည်များတွင်၎င်း၊ ပြင်းထန်သော ဘာသာစိတ်ဓါတ်ကြောင့်၊ နှစ်ပေါင်းများစွာ ဘာသာရေးပြည်တွင်း စစ်ကြီးများဖြစ်၍၊ အသက်ပေါင်းများစွာ သေကြေစေခဲ့ပါသည်။ ဥရောပတိုက်တွင်၊ အနှစ် ၃၀-တိတိဆက်တိုက် ကြာခဲ့သော ဘာသာရေးစစ်ပွဲကြီးကို၊ လူတိုင်းအသိဖြစ်ပါသည်။

ဤခမ်းနဲ့ဘွယ် အတွေ့အကြုံများကိုထောက်၍၊ နောင်အ



ခါ တွင်၊ ဂျာ မနီ၊ ပြင် သစ်၊ ဟော် လန်၊ ဘယ် ဂျီ ယန်၊ ဩစတြီယား၊ အမေရိကန်၊ စသောခရိယန် တိုင်းပြည်များတွင်၎င်း၊ မူစလင်တိုင်းပြည်ဖြစ်သော တူရကီပြည်တွင်၎င်း၊ အုပ်ချုပ်ရေး၊နိုင်ငံရေးနှင့် ဘာသာရေးကို ခွဲခြား၍၊ နိုင်ငံသားတိုင်း မိမိတို့ ယုံကြည်သည့်ဘာသာကို လွတ်လပ်စွာ နေကြစတမ်း ဟူသော အယူအဆထုံး တမ်းဓလေ့ ပေါ် ပေါက်လာပါသည်။

ဤအယူအဆထုံးတန်းဓလေ့သည်လည်း၊ ရှင်ဘုရင်စနစ်ကွယ်ပျောက်၍၊ အများပြည်သူလူထုကတင်မြှောက်ရသည့် သမတစနစ်၊ ပါလီမန်ဒီမိုကရေစီစနစ်ထွန်းကားလာသည်နှင့် အမျှ၊ တကမ္ဘာလုံးတွင်၊ တဆင့်ထက်တဆင့် တိုးတက်ထွန်းကားလာခဲ့ပါသည်။ ထို့ကြောင့် ဒုတိယကမ္ဘာစစ်ကြီးအပြီး၊ လွတ်လပ်ရေးရသော တိုင်းပြည်များအနက်၊ ရှင်ဘုရင်စနစ်ရှိနေသည့် မူစလင်တိုင်းပြည်များဖြစ်သော၊ အီရပ်၊ ဂျော်ဒန် မော်ရိုကို၊ စသောပြည်များတွင်၎င်း၊ ရှင်ဘုရင်စနစ်ရှိသည့် ဗုဒ္ဓဘာသာပြည်များဖြစ်သော၊လောနှင့်ကမ္ဘောဒီယားပြည်များတွင်သော်၎င်း၊နိုင်ငံတော်ဘာသာစနစ်တည်ရှိပါသည်။ သမတစနစ်လက်ခံသည့်မူစလင်ပြည်များဖြစ်သော၊ အီဂျစ်၊ ဆီးရီးယား၊ အင်ဒိုနေးရှား၊ ပါကီစတန်၊ လက်ဘနွန်ပြည်များတွင်၎င်း၊ ဟိန္ဒူပြည်ဖြစ်သည့် အိန္ဒိယပြည် တွင် ၎င်း၊ ဗုဒ္ဓ ဘာ သာ ဖြစ် သ ည့်၊ ဂျ ပန် သီ ဟိုဠ်၊ မြ န် မာ ပြည်၊ တောင်ဗီယက်နမ်၊ တောင်ကိုရီးယားတို့တွင်၎င်း၊ ခရိယန်ပြည်ဖြစ်သည့်၊ ဖိလိပိုင်၊ ဆိုင်ဘေရီယားတွင်၎င်း၊ နိုင်ငံတော်ဘာသာစနစ်ကိုမတည်ထွင်ကြချေ။

ဤကဲ့သို့ နိုင်ငံတော်ဘာသာစနစ်ကိုလက်မခံသော တိုင်းပြည်များရှိ၊ အစိုးရနှင့်ပြည်သူတို့သည်၊ ကိုးကွယ်သည့် ဘာ

သာရေးကို မလေးစားကြ၍မဟုတ်၊ မိမိတို့ယုံကြည်ရာ ဘာသာကို လွတ်လပ်စွာ ကိုးကွယ်နိုင်မှုနှင့် တိုင်းရင်းသား အချင်းချင်းပိုမိုညီညွတ်သွေးစည်းမှုရရှိလိုသောကြောင့် ဖြစ်ပါသည်၊ တနည်းအားဖြင့်ဆိုလျှင်၊ ကမ္ဘာပေါ်ရှိ မည်သည့်နိုင်ငံ၌မဆို ကိုးကွယ်သည့်ဘာသာ တခုတည်းမကဘဲ ဘာသာခြောက်များစွာရှိလာကြသည်ကိုထောက်၍၎င်း၊ နိုင်ငံတော်ဘာသာစနစ်ရှိသော တိုင်းပြည်များတွင်၊ ဘာသာကွဲလူနဲစုများ၏ စိတ်မချမ်းသာမှု၊ စိတ်ဝမ်းကွဲပြားမှု၊ အရေးကြုံလျှင် ရန်သူနယ်ချဲ့များနှင့်သစ္စာဖေါက်၍ ပူးပေါင်းလိုမှု၊ အချင်းချင်း ပြည်တွင်းစစ်ဖြစ်မှု၊ စသောမလိုလားအပ်သည့်အဖြစ်အပျက်များကိုထောက်၍၎င်း၊ နိုင်ငံတော်ဘာသာစနစ်သည်ဒီမိုကရေစီတိုင်းပြည်များတွင်တဖြေးဖြေးပျောက်လာခဲ့ပါသည်။

မိမိတို့လူဦးရေများသည်ကို အခွင့်အရေးယူ၍၊ ဘာသာကွဲလူနဲစုများ၏အကျိုးကိုမငဲ့ကွက်ဘဲပြစ်ပယ်ခဲ့သည့်ဘေးဥပါဒ်အန္တရာယ်မည်မျှကြီးသည်ကို၊ သန်းပေါင်း (၄၅၀)ရှိသော၊ ဟိန္ဒူအိန္ဒြိယပြည်ကြီးမှ သန်းပေါင်းတရာရှိသောမူစလင်များတို့ ခွဲထွက်၍၊ ပါကီစတန် ပြည်ကြီး တည်ထောင်ခြင်း၊ ထိုကဲ့သို့ မခွဲထွက်မီ သန်းနှင့်ချီ၍၊ ဟိန္ဒူမူစလင် ပြည်တွင်းစစ်များ၊ အဓိကရုဏ်းကြီးများ ဖြစ်ပေါ်ခဲ့ခြင်းတို့ကို၊ တိုင်းပြည်လူထုကသိပြီးဖြစ်ပါသည်၊ ထိုသင်္ခန်းစာကို ယူ၍ အိန္ဒိယပြည်တွင်၊ နိုင်ငံရေးနှင့်ဘာသာရေးကို ခွဲခြားထားရမည်ဟု၊ သူတို့၏ အခြေခံဥပဒေတွင် သတ်မှတ်ခဲ့ပါသည်၊

## နိုင်ငံတော်ဘာသာစနစ်ကြောင့်ဖြစ်ပေါ်လာမည့် အကျိုးနှင့်အပြစ်။

နယ်ချဲ့အင်္ဂလိပ်များက တိုင်းရင်းသားအချင်းချင်း သွေး



ခွဲစနစ်ဖြင့် အနှစ်တရာကျော်အုပ်ချုပ်ခဲ့သဖြင့် လူများစုဖြစ်သော မြန်မာလူမျိုးများ အပေါ်တွင် လူနဲစု ဖြစ်သော ရှမ်း ချင်း-ကချင်-ကရင်-မွန်များကယုံကြည်မှုကင်းနေသည့် အတွက် တိုင်းရင်း သားစည်း လုံးညီညွတ်မှုကို နိုင်ငံ ခေါင်းဆောင်တိုင်းက ကြိုးစားဆောင်ရွက်နေကြရဆဲဖြစ်ပါသည်၊ မြန်မာများအပေါ်တွင် ကိုးကွယ်ရာ ဘာသာ တူ ဖြစ် သည့် ရှမ်းများ-မွန်များ-ကရင်များ၏ ယုံကြည် မှုကိုပင် ရယူရန် နှစ်ပေါင်းများစွာ ကြိုးစားရမည်ဖြစ်သဖြင့် ဘာသာကွဲဖြစ်သည့်၊ ချင်း-ကချင်-ကရင်-ကယား စသည့် လူနဲစုများ၏ ယုံကြည်မှုရရှိရန်ကိုမူ အချိန်ပိုမိုကြာရှည်စွာကျိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

ဂျပန်ခေတ် အတွင်းက မသိမလိမ္မာသော ဘီ-အိုင်-အေ အချို့ကခရစ်ယာန်ကရင်အမျိုးအချို့အားဗုဒ္ဓဘာသာဝင်ရမည်ဟု အမိန့်အာဏာနှင့်ခိုင်းရာက စ၍ မြောင်းမြ-ပုသိမ် စသော မြစ်ဝကျွန်း ပေါ် ဒေသ များ တွင် ကရင် ဗမာ အဓိကရုဏ်းဖြစ်ခဲ့ပါသည်။ ထိုရန်စကို အကြောင်း ပြု ပြီး လျှင် လွတ်လပ်ရေးရသည့် အချိန်၌ ဗုဒ္ဓဘာသာ ဗမာလူများစုက ခရစ်ယာန်ဘာသာဝင်ကရင်အမျိုးသားများအား နှိပ်စက်လိမ့်ဦးမည် ဟူသောစိုးရိမ် ချက်ကိုမတရား အလွဲသုံးစား ပြုကာ မသမာသော ကေ အင် ဒီအို ခေါင်းဆောင်များ၏ သွေးဆောင်ချက်အရ ကေ အင် ဒီ အို သူပုန် ထခဲ့သည်မှာ ယခုထက်တိုင်လုံးဝမအေးငြိမ်းသေးချေ။ ဤနည်း အတိုင်း ခရစ်ယာန်ဘာသာဝင်ကချင်အမျိုးသားအချို့နှင့်ကယားအမျိုးသားအချို့လည်း သူပုန်ထခဲ့ကြသည်။

တိုင်းသစ် ပြည်သစ် တည်ထောင်စ အချိန်အခါ လူနဲစု တိုင်းရင်းသားများနှင့် သွေးစီးညီညွတ်ရေး လုပ်ငန်းကို စ

တင်မျိုးထောင်နေခါစ အချိန်အခါတွင် လူများစုကိုးကွယ်သည့် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာ သတ်မှတ်ထိုက် မထိုက်ဟူသော ပြဿနာကို (၁၀)နှစ်ကျော်ကျော် လေးနက်စွာ စဉ်းစားခဲ့ပြီးနောက်တွင် မသင့်တော်သေးဟု ဆုံးဖြတ်၍ ဦးနု ခေါင်းဆောင်သည့် ဖ-ဆ-ပ-လ အစိုးရ အဖွဲ့က မဆောင်ရွက်ခဲ့ချင်းဖြစ်ပါသည်။ ယခုမှ ရွေးကောက်ပွဲတွင်မဲရရှိရေးအတွက် မိမိတို့အစိုးရဖြစ်သည့်အချိန် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြုလုပ်ပေးမည်ဟု ကြေငြာခြင်းသည် မိမိတို့၏ မူလက ယုံကြည်ချက်များကို စွန့်လွှတ်ခဲ့ခြင်း ဖြစ်ပါသည်။

တိုင်းရင်းသား ညီညွတ်ရေးကလည်း မနိုင်မာသေးမှီ ပထဝီမြေပြင် အရ သန်းပေါင်း(၁၀၀၀)ကျော်ရှိသည့် ပြည်ကြီး (၃)ပြည်ကပိုင်းညှပ်ခြင်းကိုခံနေရသည့် ဆူးကြားတွင် သီးရသည့် ဘူးသီးနှင့်တူသည့် လွတ်လပ်ရေး သက်တန်း နုနယ်သေးသည့် ပြည်ထောင်စု မြန်မာပြည်တွင်း ဗုဒ္ဓဘာသာအဖြစ်ကြေငြာခြင်းအားဖြင့် တိုင်းရင်းသား အချင်းချင်း သွေးကွဲနိုင်ခြင်း နွားကွဲလျှင် ကျားကိုက် တတ် သည့် သဘောအတိုင်း တနေ့တွင်လွတ်လပ်ရေးပင် ပြန်လည် ဆုံးသွားနိုင်ခြင်းစသည့် ဘေးရန်များကို တဘက်တွင် ရင်ဆိုင်မည်ဖြစ်ပါသည်။

ထိုကဲ့သို့တဘက်တွင်ပေါ်ပေါက်လာမည့် အပြစ်များနှင့်ကာမိအောင် ဗုဒ္ဓဘာသာဝင်များအတွက် ထူးကဲသော အကျိုးများရှိ မရှိ ဗုဒ္ဓဘာသာ သာသနာတော်ကြီးသည် နေရောင် လဝါကဲ့သို့ ထူးကဲစွာ ထွန်းတောက်လာမှု ရှိ မရှိ ဟူသောပြဿနာကို စီစစ်ရန်လိုပါသည်။



ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ကြေငြာလိုက်ခြင်းအားဖြင့် ဗုဒ္ဓဘာသာဝင်များသည်ဝမ်းမြောက်ကြမည်ဖြစ်သော်လည်း သာသနာတော် တိုးတက် ထွန်းကားရေးအတွက် ထူးခြားသည့်မည်သည့် အထောက်အပန့်ကိုမျှဖြစ်စေလိမ့်မည်မဟုတ်ချေ။ ဗုဒ္ဓဘာသာဝင်များသည်၊ ဗုဒ္ဓဘာသာ သာသနာကြီးကို နေရောင်လဝါကဲ့သို့ တနေ့တခြား ထွန်းကားလာစေလိုလျှင်၊ မှန်ကန်သော လက်တွေ့ နည်းလမ်းများဖြင့်၊ မြတ်စွာဘုရား၏အလိုတော်အတိုင်းဆောင်ရွက်ရမည်ဖြစ်ပါသည်၊

သာသနာတော် ထွန်းကား တိုးတက်ရေးကို မစီစစ် မဆွေးနွေးမီ၊ သာသနာဆိုသည်မှာ အဘယ်နည်း၊ သာသနာ(၃)ရပ်ထွန်းကားသည်ဆို သည် မှာ အ ဘ ယ် နည်း ဟု စီစစ်ရန်လိုပါသည်။

သာသနာတော် ဆို သည် မှာ၊ ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ၊ ဟု သာသနာတော်(၃)ပါးရှိပါသည် ထို(၃)ပါးတို့တွင်၊ အဋ္ဌကထာနှင့်တကွ ဘုရားဟော ပိဋကသုံးပုံပါဠိတော်သည်၊ ပရိယတ္တိသာသနာတော်မည်ပါသည်။ ဓုတင်(၁၃)ပါးစုဒ္ဒသ၊ ခန္ဓကဝတ်၊ အသီတိဝတ်၊ သီလ-သမာဓိ-ဝိပဿနာတို့သည်ပဋိပတ္တိသာသနာတော်မည်ပါသည်။ မဂ်ဖိုလ်နိဗ္ဗာန်ဟုဆိုအပ်သော လောကုတ္တရာတရားကိုးပါးသည် ပဋိဝေဓသာသနာတော်မည်ပါသည်။

သာသနာတော် စည် ပင် ပြန့် ပွား ထွန်း ကား သည်၊ ဆုတ်ယုတ်သည်ဆိုသည်မှာ-

(၁) ပရိယတ္တိ သာသနာ စည်ပင် ပြန့်ပွားထွန်းကားခြင်း ဆုတ်ယုတ်ခြင်း။

(၂) ပဋိပတ္တိ သာသနာ စည်ပင်ပြန့်ပွား ထွန်းကား ခြင်း-ဆုတ်ယုတ်ခြင်း။

(၃) ပဋိဝေဓသာသနာ စည်ပင်ပြန့်ပွား ထွန်းကား ခြင်း-ဆုတ်ယုတ်ခြင်း။

ဟူ၍ ၃-ပါးစီရှိကြပါသည်။ ထို ၃-ပါး တို့တွင်၊ ပရိယတ္တိသာသနာ ကြီးပွားသည် ဆိုသည်ကား၊ ဘုရားစကားတော်တည်းဟူသော ပိဋကသုံးပုံကိုသင်ကြားသူ- လေ့လာကြည့်ရှုသူ- ချပို့သူ- နှုတ်တွင်ဆောင် ထား သူ- ပေါများသည်ကို ပရိယတ္တိသာသနာ ကြီး ပွား သည် ဟု ဆို သည်။ ဘုရားစကားတော်တည်းဟူသော ပိဋကသုံးပုံကိုသင်ကြားသူ- ကြည့်ရှုလေ့လာသူချပို့သူ နှုတ်တွင်ဆောင်သူနည်းပါးသည်ကိုပင် ပရိယတ္တိသာသနာတော် ဆုတ်ယုတ်သည်ဟုဆိုပါသည်။ ထို့ကြောင့် ဘုရားစကားတော်တည်း ဟူ သော ပရိယတ္တိ သာသနာတော်ကြီးကို ပျောက်ကွယ် တိမ်ကော ဆုတ်ယုတ်ခြင်းမရှိရအောင် စောင့်ရှောက်ရန်တာဝန်ကား၊ သာသနာ့ဝန်ထမ်းရဟန်းတော်များနှင့် ဥပါသကာ ဥပါသိကာတို့ပင် ဖြစ်လေသည်။ ထိုတွင် သာသနာ့ဝန်ထမ်းရဟန်းတော်များမှာ ဂန္ထဓုရ-ဝိပဿနာဓုရ-ဟုကိစ္စ ၂-ပါးသာရှိသဖြင့်၊ ဝိပဿနာဓုရကို အားထုတ်လိုသော် အားထုတ်ရာ၏ သို့မဟုတ် မိမိဉာဏ်စွမ်းရှိသလောက်စာပေ ပရိယတ်ကို ချပို့သင်အံ လေ့ကျက် ဆောင်ရွက် နှုတ်တက်အာဂုံ နှုတ်ငုံရွရွ နှုတ် တွင်ရ၍ ရွတ်ဘတ် သရဇ္ဈာယ်ခြင်းဖြင့်သာ အချိန်ကုန်စေပြီးလျှင်၊ ပရိယတ္တိ သာသနာတော်ကြီးကို ကြီးပွားထွန်းကားစေရာ၏။ ယင်းသို့ကြီးပွား ထွန်းကားစေမှသာလျှင် သာသနာကိုစောင့် ရှောက်ရာ ရောက်၍၊ သာသနာတော်နှင့် တွေ့ကြုံရကျိုး



နပ်သည်။ ရဟန်းဖြစ်ရကျိုးနပ်သည်၊ ရဟန်းအလုပ်ကျေနသည်။ ကိစ္စ ၂-ခုအနက် တခုခုမှ အားမထုတ်သောရဟန်းသည် ရဟန်းဖြစ်ကျိုးမနပ်၊ ရဟန်းကိစ္စ ရဟန်းအလုပ်၌မကြေပြွန်၊ သာသနာကို စောင့်ရှောက်ရာမရောက်၊ သာသနာကို ဖျက်ဆီးရာရောက်သည်။ ဥပသကာ၊ ဥပါသိကာဖြစ်ကြကုန်သော လူယောက်ျား၊ လူမိန်းမတို့သည်လည်း၊ ပရိယတ္တိ သာသနာတော်ကြီးကို ချီးမြှောက်သောအားဖြင့် မိမိတို့စွမ်းအားရှိသလောက် မိမိတို့နှင့်အထူးသဖြင့် ဆိုင်ရာ အနတ္တလက္ခဏာသုတ်-ဓမ္မစက္ကသုတ် မဟာသတိပဋ္ဌာနသုတ် အစရှိသော၊ ဘုရားစကားတော်ကြီးများကို၊ စာအုပ်တွင်၊ ပေတွင်မထားမူ၍မိမိတို့၏နှုတ်တွင်-လျှာတွင်ထား၍အမြဲမပြတ် ရွတ်ဘတ်သရဇ္ဈာယ်၍ ၊ပရိယတ္တိ သာသနာတော်ကြီး ကြီးပွား ထွန်းကားစေရာ၏။ မြတ်စွာဘုရား စကားတော်ကြီးများကို တပုဒ်တဂါထာကစ၍မပျောက်ပျက်ရအောင် စောင့်ရှောက် ထိန်းသိမ်း ရမည်ဆိုလိုသည်။ သို့မှ သာသနာတော်၏တင့်ခြင်း-အသရေဆောင်ဥပသကာ၊ ဥပါသိကာ၊ သာသန သောဘဏီဖြစ်ကြမည်။ သာသနာတော်ကို စောင့်ရှောက်ရာ ရောက်မည်။ သာသနာတော်နှင့် တွေ့ကြုံရကျိုးနပ်မည်။

ပဋိပတ္တိ သာသနာကြီးပွား ထွန်းကားသည်ဆိုသည်မှာ- ပဋိပတ္တိ သာသနာတော်၏ အရေဖြစ်သော ၁၃-ပါးသော ဓုတင်အကျင့်ကို မပျောက်ပျက်ရအောင် ကျင့်ကြံဆောက် တည်သူရဟန်း ရှင်လူအပေါင်းများခြင်း၊ ၁၄-ပါးသော စုဒ္ဒသ ခန္ဓကဝတ် နိပါတ်တော်ကြီးများနှင့်(၈၂)ပါးသော ဝတ်အကျင့်များကိုလည်း လိုက်နာ၍ပြုသော ရှင်နှင့် ရဟန်း ပေါများခြင်း၊ မိမိတို့စောင့်ရှောက်အပ် စောင့်ရှောက်သင့် သောသီလများကို မကျိုးမပေါက် မပျောက်ကြားရအောင်

ကောင်းမွန်ရှိသေစွာ စောင့်ရှောက် ထိန်းသိမ်းသူ ရဟန်းရှင်လူပေါများခြင်း–သမထဝိပဿနာအလုပ်၌ အားထုတ်သူရဟန်းရှင်လူပေါများခြင်းသည် ပဋိပတ္တိဟူသော အကျင့်သာသနာကြီးပွား ထွန်းကားသည်ဟု ဆိုရသည်။ ပြဆိုခဲ့သော အကျင့်ဝတ်တို့ကို ကျင့်သူနည်းပါးလျှပ် ပဋိပတိသာသနာ ဆုတ်ယုတ်သည်မည်၏။

ပဋိဝေဓသာသနာ ကြီးပွားထွန်းကားသည်ဆိုသည်မှာ၊ ဈာန်အဘိညာဉ်နှင့်တကွ သစ္စာလေးပါးကိုသိသူ- မဂ် ဖိုလ် နိဗ္ဗာန်ကို မျက်မှောက်ပြုသူ ပေါများခြင်းသည်၊ ပဋိဝေဓသာသနာကြီးပွားထွန်းကားသည်ဟု ဆိုရသည်။ နည်းပါးခြင်းသည် ပဋိဝေဓသာသနာဆုတ်ယုတ်သည်မည်၏။

သာ သ နာ တော် ၃- ပါး ကြီး ပွား ထွန်း ကား ခြင်း–ယုတ်ဆုတ်ခြင်းကိုစီစစ်၍ တင်ပြပြီးနောက်–သာသနာတော်တည်မြဲတိုးတက်ကြီးပွားခြင်း၏ အကြောင်းနှင့် ဆုတ်ယုတ်ပျက်စီးခြင်း၏အကြောင်းကို ဦစစ်တင်ပြလိုပါသည်။

သာသနာတော် ဆုတ်ယုတ် ပျက်စီးခြင်း အကြောင်းကို ရှင်တော်ဘုရားက၊

(၁) ရဟန်းတော်များ ပရိယတ္တိဓမ္မကို ကိုယ်တိုင်တတ်မြောက်အောင် မသင်ကြားခြင်း။

(၂) သင်ကြားအပ်ပြီးသော ပရိယတ္တိဓမ္မကို ဒါယကာဒါယိကာမတို့ကို အကျယ်အားဖြင့် မဟောကြားခြင်း။

(၃) သင်ကြားအပ်ပြီးသော ပရိယတ္တိဓမ္မကို စာသင်သားတို့အား အကျယ်အားဖြင့် ချပို့မပေးခြင်း။

(၄) သင်ကြားအပ်ပြီးသော ပရိယတ္တိဓမ္မကို အကျယ်အားဖြင့်း လေ့လာသရဇ္ဈာယ်ခြင်းကိုမပြုခြင်း။



၅။ သင်ကြားအပ်ပြီးသော ပရိယတ္တိဓမ္မကိုစိတ်ဖြင့်မသုံးသပ် မဆင်ခြင်ခြင်းအားဖြင့်၊

ငါးပါးအပြားရှိ၏ဟု အင်္ဂုတ္တရနိကာယ ပဥ္စကနိပါတ်ပါဠိတော်၌ ဟောထားပါသည်။

သာသနာတော် တည်မြဲ၍ တိုးတက်ကြီးပွားခြင်း၏ အကြောင်းလည်း၊ ရဟန်းတော်များ ပရိယတ္တိဓမ္မကို တတ်မြောက်အောင် သင်ကြားခြင်းစသော ဆုတ်ယုတ်ခြင်း အကြောင်း၏ အပြန်အားဖြင့် ငါးပါးပင် ဟောထားပါသည်။

အင်္ဂုတ္တိုရ်အဋ္ဌကထာ ဧကနိပါတ်အဖွင့်၌လည်း

၁။ ပရိယတ္တိသာသနာကွယ်ပျောက်ခြင်း။

၂။ ပဋိပတ္တိသာသနာကွယ်ပျောက်ခြင်း။

၃။ ပဋိဝေဓသာသနာကွယ်ပျောက်ခြင်း။

၄။ ရဟန်းအသွင်ကွယ်ပျောက်ခြင်း။

၅။ ဘုရားသခင်ဓါတ်တော်တို့၏ကွယ်ပျောက်ခြင်း။

အားဖြင့်၊ သာသနာတော်နှင့် ပတ်သက်သော ဆုတ်ယုတ်ကွယ်ပျောက်ခြင်း ငါးမျိုးငါးစားဖွင့်ဆိုထားပါသည်။

ထိုငါးမျိုးတို့တွင် ပရိယတ္တိသာသနာတော် ကွယ်ပျောက်ခြင်းသည်သာ မူလ အကြောင်းရင်းဖြစ်ကြောင်း ပရိယတ္တိကွယ်ပျောက်လျှင် အခြားသာသနာတော် ကွယ်ပျောက်ရတော့ကြောင်းကို နွားလား ဥသဘအရာအထောင်ပင် ရှိစေကာမူ အစဉ်အဆက်ကိုစောင့်နိုင်သောနွားမ, မရှိခဲ့သောနွားတို့၏ အနွယ်သည် မဆက်စပ်မိ ပြတ်ဘိသကဲ့သို့ ထို့အတူ ဝိပဿနာအားထုတ်သော ပုဂ္ဂိုလ်တွေ အရာအထောင်ပင် ရှိစေကာမူ၊ ပရိယတ္တိမရှိခဲ့သော် မဂ်ဖိုလ်ကို မရနိုင်တော့ဟု ဖွင့်ပြတော်မူပါသည်။

ပရိယတ္တိတည်မြဲနေသမျှ အခြားသာသနာများ တည်မြဲနေမည်ဖြစ်ကြောင်းကိုရွှေအိုးကိုသိစေခြင်းငှါ၊ ကျောက်များ၌အက္ခရာ အမှတ်အသားတို့ကို ရေးထား ခဲ့သည်ရှိသော် အက္ခရာအမှတ်အသားများ ထင်ရှားတည်ရှိနေသမျှ ရွှေအိုး ပျောက်ကွယ်သည်မမည်သကဲ့သို့ ထို့အတူပင်ပရိယတ္တိ သာသနာတော်တည်ရှိနေသမျှ သာသနာ ကွယ်ပျောက်သည်မမည်နိုင်ဟုဖွင့်ပြတော်မူပါသည်။

ထို့အတွက်သာသနာတော်မပျောက်မပျက်တိုးတက်ကြီးပွားအောင် ဘုရား အလိုတော်ကျ ဆောင်ရွက်လိုလျှင်ပရိယတ္တိ သာသနာ တိုးတက်ကြီးပွားအောင် ဦးစားပေး၍ ဆောင်ရွက်ရပါမည်။ ပဋိပတ္တိဆိုင်ရာ သမထ ဝိပဿနာ အားထုတ်သောပုဂ္ဂိုလ်တို့ကိုလည်း ချီးမြှောက်အားပေးရပါမည်။

ပရိယတ္တိသာသနာတော် မပျောက်မပျက်တည်မြဲတိုးတက်အောင်ဆောင်ရွက်ရာ၌အင်္ဂုတ္တိုရ်ပါဠိတော်မှာ ဘိက္ခုသဒ္ဒါနှင့်ဟောထားသဖြင့်ပရိယတ္တိဓမ္မကိုကိုယ်တိုင်သင်ကြားခြင်း စသော သာသနာတော် တည်မြဲကြီးပွားခြင်း၏အကြောင်းကို အားထုတ်ဆောင်ရွက်ခြင်းများသည်၊ ရဟန်းတော်များနှင့်သာ သက်ဆိုင်သည်ဟု မှတ်ထင်ရသော်လည်း၊ စင်စစ်မှာမူ လူအများနှင့်လည်း သက်ဆိုင်ပါသည်။ မြတ်စွာဘုရားသည်သုတ္တန်ဒေသနာများကိုဟောရာ၌ရဟန်းရှင်လူအများနှင့် သက်ဆိုင်သော ဒေသနာဖြစ်လျှင်၊ ရဟန်းတော်များကို အခြားပရိသတ်တို့ထက်သေဋ္ဌဇေဋ္ဌစသည်ဖြစ်၍၊ ဦးစားပေးပြီး၊ ဘိက္ခုသဒ္ဒါဖြင့် ဟောတော်မူလေ့ ရှိကြောင်းသံယုတ် အဋ္ဌကထာမှာ ဆိုထားပါသည်။ ထို့ကြောင့်လူပုဂ္ဂိုလ်များလည်း၊ သာသနာတော်အရှည်တည်မြဲစေရန်ဘုရားဟောပရိ



ယတ္တိကို လေ့လာသင်ကြားထိုက်ပေသည်။ လူပုဂ္ဂိုလ်များ ပရိယတ္တိဓမ္မကို လေ့လာသင်ကြားခြင်းသည်လည်း၊ သာသနာတော်အရှည်တည်မြဲခြင်း၏ အကြောင်းဖြစ်သဖြင့်၊ နိုင်ငံတော်အစိုးရကျောင်းများ၌ ဗုဒ္ဓဘာသာဝင်များအတွက်ဗုဒ္ဓဘာသာသင်ခန်းစာ မသင်မနေရဘာသာအဖြစ်ပြဋ္ဌာန်းရန်၊ ကျွန်ုပ်တို့ ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကဆုံးဖြတ်ပြီးဖြစ်ပါသည်။

လူဒါယကာများနှင့် အဓိကသက်ဆိုင်သည့် သာသနာတော် ဆုတ်ယုတ်ကွယ်ပျောက်ခြင်း၏ မူလ အကြောင်းရင်းကြီးတခုရှိသေးသည်ကို ဖော်ပြလိုပါသည်။

ပစ္စယ ဒါယကာ ဘိက္ခု သံဃဿ ပစ္စယေ ဒါတုံ နသက္ကောန္တိ၊ ဘိက္ခုပစ္စယေဟိ ကိလမန္တာ အန္တေဝါသိကေ သင်္ဂဟေတုံ နသက္ကောန္တိ၊ ဂန္ထန္တေ ဂန္ထန္တေကာလေ ပရိယတ္တိ ပရိဟာယတိ။

ဤသည်ဖြင့် သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့ ပရိယတ္တိဓမ္မကို အားထုတ် ဆောင်ရွက်နိုင်အောင် ဒါယကာ ဒါယိကာမများကပစ္စည်းလေးပါးဖြင့်မထောက်ပံ့ခြင်းဖြစ်သည်ဟု အင်္ဂုတ္တိုရ်အဋ္ဌကထာဆရာဆိုတော်မူထားပါသည်။ ထို့ကြောင့်သာသနာ့ဝန်ထမ်း ရဟန်းသာမဏေတို့ ပရိယတ္တိဓမ္မကို မပင်မပန်း သင်ကြား ချပို့ ဆောင်ရွက်နိုင်အောင်၊ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့ခြင်း မပြုသော ဗုဒ္ဓဘာသာဝင်လူထုတို့သည်သာသနာတော်ဆုတ်ယုတ်ပျက်စီးရာ၌ တာဝန်မကင်းသောသူများဖြစ်နေပါသည်၊ ထို့ကြောင့်ကျွန်ုပ်တို့ ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီးကသာသနာ့ဝန်ထမ်းရဟန်းသာမဏေတို့၏ ပစ္စယဒါယကာခံယူရန်ဆုံးဖြတ်ပြီးဖြစ်ပါသည်။

ကျွန်ုပ်တို့ ဖ-ဆ-ပ-လ အဖွဲ့ကြီးသည် ဘုရားအလိုတော်ကျ သာသနာတော် ဧကန်စင်စစ် တိုးတက်ကြီးပွားခြင်း၏

**အကြောင်းမဟုတ်ဘဲ၊ လူမျိုးရေးပြဿနာစသော အပြစ်များစွာ ဖြစ်ပေါ်လာနိုင်သည့် နိုင်ငံရေး ပရိယာယ်များကို အသုံးပြုရန် အာသာဆန္ဒမရှိဘဲ၊ အထက်ဆိုခဲ့ပြီးတဲ့ ဘုရားအလိုတော်ကျ သာသနာတော် အရှည်တည်မြဲတိုးတက်မည့် အောက်ပါလုပ်ငန်းများကိုသာအဓိကထားပြီး၊ ထိထိရောက်ရောက် ပြတ်ပြတ်သားသား ဆောင်ရွက် သွားမည်ဖြစ်ပါသည်။**

**က။ သာသနာ့ဝန်ထမ်းရဟန်းသာမဏေစသည်တို့ ပရိယတ္တိကို စိတ်အားထက်သန်းစွာ သင်ကြား အားထုတ်နိုင်အောင် ပထမပြန် အက်ဥပဒေ-ပါဠိတက္ကသိုလ်နှင့် မွေ့စရိယ အက်ဥပဒေတို့အရ၊ ချီးမြှင့်ထောက်ပံ့ရုံမျှမက၊ ထိုထက် ကောင်းမွန်ကျယ်ပြန့်သော ပရိယတ္တိသာသနာတော် ချီးမြှောက်ရန် နည်းစနစ်များကို ဆရာတော်များထံမှ ဩဝါဒခံယူ၍ ဆောင်ရွက်ပါမည်။**

(က) သာသနာ့ဝန်ထမ်း ရဟန်းသာမဏေစသည်တို့ ပရိယတ္တိကို စိတ်အားထက်သန်စွာ သင်ကြားအားထုတ်နိုင်အောင် ပထမပြန် အက်ဥပဒေ၊ ပါဠိတက္ကသိုလ်နှင့်မွေ့စရိယအက်ဥပဒေတို့အရ၊ ချီးမြှင့်ထောက်ပံ့ရုံမျှမက၊ ထိုထက် ကောင်းမွန်ကျယ်ပြန့်သော ပရိယတ္တိသာသနာတော်ချီးမြှောက်ရန်နည်းစနစ်များကို ဆရာတော်များထံမှ ဩဝါဒခံယူ၍ ဆောင်ရွက်ပါမည်။

(ခ) ပရိယတ္တိသာသနာတော် ပိုမိုကျယ်ပြန့်နိုင်မြဲစေရန် ဗုဒ္ဓဘာသာဝင်များအတွက် ဗုဒ္ဓဘာသာသင်္ခန်းစာကို ကျောင်းသင်ရမည့်ဘာသာ အဖြစ် ပြဋ္ဌာန်းပေးပါမည်။

(ဂ) သာသနာ့ဝန်ထမ်း ရဟန်းသာမဏေစသည်တို့ မပင်မပန်း သာသနာ့ဝန်ကိုထမ်းဆောင်နိုင်စေရန် ပစ္စယာဒါယကာအဖြစ်ခံယူပါမည်။

(ဃ) နောင်လာနောက်သား ဗုဒ္ဓဘာသာကလေး သူငယ်များအား ရဟန်းသာမဏေများနှင့် ရင်းနှီးပြီး ဘာသာရေးစိတ်ဓါတ်



ကိန်းဝပ်သွားစေခြင်းငှာ၊ နောက်ထပ် ဖွင့်လှစ်မည့် နိုင်ငံတော်အစိုးရ မူလတန်းကျောင်းများကိုဘုန်းတော်ကြီး ကျောင်းများ၌ ထား၍၊ ဗုဒ္ဓဘာသာသင်္ခန်းစာကို ရဟန်းသာမဏေများကိုသာ သင်ကြားစေပါမည်။

(င) ဘုရားဟော ဒေသနာအရ သာသနာရေးအတွက်ဆောင်ရွက်ဘွယ်အချက်အလက်တို့ကို ဆရာတော်များ ဩဝါဒညွှန်ကြားတော်မူပါလျှင်၊ လိုက်နာဆောင်ရွက်ပါမည်။

(စ) သံဃာတော်များ အတွက် ဆရာအတတ်သင် ကျောင်းနှင့် တက္ကသိုလ်ဖွင့်ပေးပါမည်။

(ဆ) ဆဋ္ဌသံဂါယနာတင်ခြင်းကို အဋ္ဌကထာဋီကာများပြီးဆုံးသည်အထိ အောင်မြင်ရေးဆောင်ရွက်ပါမည်။

(ဇ) ပဋိပတ္တိသာသနာနှင့် ပဋိဝေဓသာသနာကြီးပွားရေးအတွက်၊ သမထဝိပဿနာ အထူးအားထုတ်သော ပုဂ္ဂိုလ်များ လိုအပ်သော ကမ္မဋ္ဌာန်းကျောင်းနှင့်တကွ ပစ္စည်းလေးပါးကို ထောက်ပံ့ပါမည်။

(ဈ) သာသနာရေးဆိုင်ရာ အခြားအက်ဥပဒေများအရ ဆောင်ရွက်ဘွယ်ကိစ္စအရပ်ရပ်ကို ဆောင်ရွက်ပါမည်။

(ည) ပြည်တွင်းတောင်တန်း သာသနာပြုလုပ်ငန်းအတွက်၎င်း၊ ပြည်ပနိုင်ငံခြား သာသနာပြုလုပ်ငန်းအတွက်၎င်း၊ ယိုးဒယား၊ သီဟိုဠ်၊ ကမ္ဘောဒီးယား၊ လောပြည်စသော နိုင်ငံခြားဗုဒ္ဓဘာသာနိုင်ငံများရှိ ရှင်လူရဟန်းများနှင့်သာသနာရေးကိစ္စများတွင် ရင်းနှီးစွာဆက်ဆံနိုင်ရေးတွင်၎င်း၊ အထူးအားထုတ်ဆောင်ရွက်ပါမည်။

(ဋ) ဝိနည်းတော်နှင့်မလျော်သော သံဃာတော်များနှင့် ပတ်သက်သော ဥပဒေများကို ဝိနည်းတော်နှင့်လျော်အောင် ပြင်ပေးပါမည်။

**ဤအချက်အလက်များကို ကျွန်ုပ်တို့ လက်ထက်တွင်သာ မဟုတ်ဘဲ၊နောင်အစိုးရအဆက်ဆက်လက်ထက်တွင် လည်း စံနစ်တကျဆောင်ရွက်သွားကြစေရန်အတွက်၊ပါလီမန်တွင် ဥပဒေတရပ် ပြုလုပ်ပေးရန်ကိုလည်း ကျွန်ုပ်တို့အဖွဲ့ကြီးက သန္နိဋ္ဌာန်ချပြီးဖြစ်ပါသည်။**

အထက်တွင်ဖော်ပြခဲ့သည့်နည်းများသာလျှင်၊ရှင်တော်ဘုရား၏ အလိုတော်ကျ ဗုဒ္ဓဘာသာ သာသနာတော်ကြီးသုံးရပ်စလုံးကို နေရောင် လဝါကဲ့သို့ တကယ် အမှန်ထွန်းကားစေနိုင်မည့်နည်းလမ်းများ ဖြစ်သည်ဟု ကျွန်ုပ်တို့၏ ဖ-ဆ-ပ-လ အဖွဲ့ချုပ်ကြီးက ရိုးသားစွာယုံကြည် ကြပါသည်။ သို့ရာတွင် အချို့သောဗုဒ္ဓဘာသာဝင် ရှင်လူအများတို့သည် ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ပြုလုပ်ခြင်းအားဖြင့်သာလျှင်၊ သာသနာတော် တိုးတက်ကြီးပွါးထွန်းကားလာလိမ့်မည်ဟု ယုံကြည်နေကြသည်ကိုလည်း သိရှိထားသဖြင့်၊ အထွေထွေရွေးကောက်ပွဲကြီးပြီးသည့် အခါ၊ ဤဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် ကြေညာရေးပြဿနာကို သီးခြားပြဿနာတရပ်အနေဖြင့်၊ ရဟန်းရှင်လူအများ၏ဆန္ဒကို ရယူပြီးသည့်နောက်၊ ထိုရဟန်းရှင်လူအများ၏ ဆန္ဒအတိုင်းဆောင်ရွက်ရန်ကိုလည်း ကျွန်ုပ်တို့ ဖဆပလ အဖွဲ့ချုပ်ကြီးကဆုံးဖြတ်ထားပြီးဖြစ်ပါကြောင်း။

☆ ✮ ☆

714

ဆန်းသစ်စပုံနှိပ်တိုက်
အမှတ် ၅၀၂-သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။